| ၁၃ | မဲဆန္ဒနယ်အမှတ်(၁) | တံတားဦးခရိုင်တစ်ခုလုံး၊ ပြင်ဦးလွင်ခရိုင်တစ်ခုလုံး၊ မဟာအောင်မြေခရိုင်တစ်ခုလုံး၊ သပိတ်ကျင်းခရိုင်တစ်ခုလုံး၊ အမရပူရခရိုင်တစ်ခုလုံးနှင့် အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်ဆည်ခရိုင်တစ်ခုလုံး၊ ညောင်ဦးခရိုင်တစ်ခုလုံး၊ မိတ္ထီလာခရိုင်တစ်ခုလုံး၊ မြင်းခြံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၅ | မဲဆန္ဒနယ်အမှတ်(၃) | ရမည်းသင်းခရိုင်တစ်ခုလုံးနှင့် ပြည်ထောင်စုနယ်မြေတစ်ခုလုံး။ | ၂ ဦး |
| | **မွန်ပြည်နယ်** | | |
| | **အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၆ | မဲဆန္ဒနယ်အမှတ်(၁) | မွန်ပြည်နယ်တစ်ခုလုံး။ | ၆ ဦး |
| | **ရခိုင်ပြည်နယ်** | | |
| | **အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၇ | မဲဆန္ဒနယ်အမှတ်(၁) | စစ်တွေခရိုင်တစ်ခုလုံး၊ မောင်တောခရိုင်တစ်ခုလုံးနှင့် မြောက်ဦးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၁၈ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်ဖြူခရိုင်တစ်ခုလုံး၊ တောင်ကုတ်ခရိုင်တစ်ခုလုံး၊ သံတွဲခရိုင်တစ်ခုလုံးနှင့် အမ်းခရိုင်တစ်ခုလုံး။ | ၃ ဦး |

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများ | ရွေးကောက် တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) | | |
| ၁၉ | မဲဆန္ဒနယ်အမှတ်(၁) | တိုက်ကြီးခရိုင်တစ်ခုလုံး၊ မင်္ဂလာဒုံခရိုင်တစ်ခုလုံး၊ မှော်ဘီခရိုင်တစ်ခုလုံး၊ လှည်းကူးခရိုင်တစ်ခုလုံးနှင့် အင်းစိန်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၀ | မဲဆန္ဒနယ်အမှတ်(၂) | တွံတေးခရိုင်တစ်ခုလုံး၊ သန်လျင်ခရိုင်တစ်ခုလုံးနှင့် ဒဂုံမြို့သစ်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၁ | မဲဆန္ဒနယ်အမှတ်(၃) | ကမာရွတ်ခရိုင်တစ်ခုလုံး၊ ကျောက်တံတားခရိုင်တစ်ခုလုံး၊ ဗိုလ်တထောင်ခရိုင်တစ်ခုလုံး၊ မရမ်းကုန်းခရိုင်တစ်ခုလုံး၊ သင်္ဃန်းကျွန်းခရိုင်တစ်ခုလုံးနှင့် အလုံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| | ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) | | |
| ၂၂ | မဲဆန္ဒနယ်အမှတ်(၁) | ကလောခရိုင်တစ်ခုလုံး၊ တောင်ကြီးခရိုင်တစ်ခုလုံး၊ နမ့်စန်ခရိုင်တစ်ခုလုံး၊ မိုင်းရှူးခရိုင်တစ်ခုလုံး၊ လင်းခေးခရိုင်တစ်ခုလုံးနှင့် လွိုင်လင်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၃ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်မဲခရိုင်တစ်ခုလုံး၊ ကွတ်ခိုင်ခရိုင်တစ်ခုလုံး၊ တန့်ယန်းခရိုင်တစ်ခုလုံး၊ မူဆယ်ခရိုင်တစ်ခုလုံး၊ မိုးမိတ်ခရိုင်တစ်ခုလုံးနှင့် လားရှိုးခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၄ | မဲဆန္ဒနယ်အမှတ်(၃) | ကျိုင်းတုံခရိုင်တစ်ခုလုံး၊ တာချီလိတ်ခရိုင်တစ်ခုလုံး၊ မိုင်းဆတ်ခရိုင်တစ်ခုလုံး၊ မိုင်းတုံခရိုင်တစ်ခုလုံး၊ မိုင်းယောင်းခရိုင်တစ်ခုလုံး၊ မိုင်းယန်းခရိုင်တစ်ခုလုံးနှင့် မိုင်းလားခရိုင်တစ်ခုလုံး။ | ၂ ဦး |
| | ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) | | |
| ၂၅ | မဲဆန္ဒနယ်အမှတ်(၁) | ကျုံပျော်ခရိုင်တစ်ခုလုံး၊ ပုသိမ်ခရိုင်တစ်ခုလုံး၊ မြောင်းမြခရိုင်တစ်ခုလုံးနှင့် လပွတ္တာခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၂၆ | မဲဆန္ဒနယ်အမှတ်(၂) | ဖျာပုံခရိုင်တစ်ခုလုံး၊ မအူပင်ခရိုင်တစ်ခုလုံး၊ မြန်အောင်ခရိုင်တစ်ခုလုံးနှင့် ဟင်္သာတခရိုင်တစ်ခုလုံး။ | ၃ ဦး |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင် သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစ၍ သက်ပြည့်ပင်စင်ခံစားရမည် ဖြစ်သော်လည်း ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားနေစဉ်ကာလအတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ အမိန့်အမှတ် ၄/ ၂၀၂၅ အရ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်ရှိသော ကြိုတင်ပြင်ဆင်ခွင့်ကာလ ၁-၈-၂၀၂၅ ရက်နေ့မှ ၂၁-၁၀-၂၀၂၅ ရက်နေ့အထိ ခွင့်လစာငွေကို ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၅-၄-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/ ၈/ ကောင်စီရုံးအရ တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုလိုက်ပြီး ၁-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးဟန်ဝင်းအောင် ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ ၅၆၊ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) တို့အရ ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁၃/၂၀၂၄ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ညိုစော
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)**

**အမိန့်ကြော်ငြာစာအမှတ် (၀၀၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) ၏ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်-

(က) ဦးထွန်းအုံ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

( ခ ) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

( ဂ ) ဦးမင်းညိုဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(ဃ) ဦးညီညီအောင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

( င ) ဦးဖြိုးကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

( စ ) ဦးနေဟိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(ဆ) ဦးအောင်မျိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

၂။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များညွှန်ကြားရန်၊

( ခ ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်ရန်၊

( ဂ ) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် မိမိဝန်ကြီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်ရန်၊

(ဃ) မိမိဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်ရန်၊

( င ) ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

( စ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ရာထူးတိုးမြှင့်ခြင်း၊ ပြည်ပပညာသင်စေလွှတ်ရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ ဥပဒေ/နည်းဥပဒေတို့နှင့်အညီ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

( ဇ ) ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေပြီး ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လစဉ်ပုံမှန်ကျင်းပသွားရန်နှင့် လတ်တလောဆောင်ရွက်ရမည့်ကိစ္စရပ်များရှိပါက ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ပြီး အထက်စာပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) ရှိ ဌာနက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများ တင်ပြရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၀၀၁ (၀၇၇)/ ဝက-၄/ နစကဥက္ကဋ္ဌရုံး အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅) ဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၅၅ (က) ရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်၊ အဓိပတိမဟာနာယက ဘဒ္ဒန္တဇနကာဘိဝံသ၏ သာသနာပြုလုပ်ငန်းများတွင် သီးသန့်အသုံးပြုရန်အတွက် လှူဒါန်းသော မော်တော်ယာဉ်အမှတ် RLG-2586၊ အမျိုးအမည် Mercedes Benz Sprinter၊ အမျိုးအစား Motor Home (4x2) L၊ 2023 Model မော်တော်ယာဉ် (၁) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်သည် လှူဒါန်းယာဉ်ဖြစ်ခြင်း၊ သာသနာဆိုင်ရာ RLG မူသေအမှတ်ရယူထားသော ယာဉ်ဖြစ်ခြင်း၊ ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်ဖြစ်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ (က) အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ၏ မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များကို စစ်ဆေးထိန်းချုပ်နိုင်ရန် လျှပ်စစ်လှိုင်းအသုံးပြု၍ အချက်အလက်များအတည်ပြုသည့်စနစ် (Radio Frequency Identification-RFID) အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့သော စီမံကိန်းဖြစ်မြောက်ရေး ဦးစီးကော်မတီတွင် အဖွဲ့ဝင် ဒုတိယဝန်ကြီး (ဆက်သွယ်ရေး)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/ ၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့သော တင်ဒါ

ကော်မတီတွင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး (ဆက်သွယ်ရေး)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး (ပို့ဆောင်ရေး)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၃၃၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ကြိုတင်ခွင့်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီး (၂) ဦးတို့အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများတွင် အလုပ်တာဝန်များကို စတင်တာဝန်ဆောင်ရွက်သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ အဆင့် | ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁။ | ကြည်း ၂၃၉၅၇ ဗိုလ်ချုပ် နေမျိုးဦး | သံအမတ်ကြီး၊ (၅၅၀,၀၀၀) |
| ၂။ | လေ ၂၀၇၇ ဗိုလ်မှူးချုပ် မျိုးမင်းထွန်း | သံအမတ်ကြီး၊ (၅၅၀,၀၀၀) |

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၇၈၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်)မှ တပ်ဖွဲ့မှူး ရဲ ၁၈၇၅ ရဲမှူးကြီး သန်းဝင်း အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ကာကွယ်ရေးပညာဌာနသို့ ဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၇၈၂/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ပင်စင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ရဲ ၂၇၉၉ ဒုတိယရဲမှူးကြီး တင်ဖေဝင်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရဲရေးဌာနကြီး၊ ပင်စင်ဌာန၌ပင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၁၀/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား မူလရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်-

(၁) ရဲ ၆၀၀၄ ရဲအုပ် သက်ခိုင်ဦး
အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်း

(၂) ရဲ ၆၀၁၃ ရဲအုပ် ရဲမြင့်
အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း

(၃) ရဲ ၇၆၀၀ ရဲအုပ် ဇော်ဇော်အောင်
သစ်တောလုံခြုံရေးရဲတပ်ဖွဲ့

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

အမှတ် ၁၄၃။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဒေါ်သက်သက်ဇော် (ဥ/၂၆၈၄)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ပြည်ထောင်စုအဆင့်ဌာနများအတွက် အမှုလိုက်ဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၃-၇-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၅/၄-၁/(၇၅၆)(ရစမ/အဖရ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃/(၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၇-၈-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၈၆၈၈/ မပ (မြေတိုင်း) - ၆ (၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၆၅၄)၊ မြင်းကင်းကွင်းအတွင်းရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ ၁.၄၀ ဧကအား မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ

မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မကွေးမြို့နယ်မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမှတ် ၁၉၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ဆုံးဖြတ်ချက်အရ နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ စန်းဟုန် (ဆမ-၁၅၅၉၅) အား ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ လစာနှုန်းတူ ဒု-ပြည်နယ်ကုသရေးဦးစီးဌာနမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်ပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

အမှတ် ၁၉၂။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၃-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၅/ ၃၀၇၅၆ အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ မီမီရွှေ (ဆမ-၁၂၀၈၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၆-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၆-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အမှတ် ၁၉၃။ ကျန်းမာရေးဝန်ကြီးဌာန၏ ၆-၈-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၅/ ၃၆၃၉၂ အရ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ ထင်လင်း (ဆမ-၁၂၃၈၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၁-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာနမှအောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၇) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဌာနခွဲများရှိ လစာနှုန်းတူ ရာထူးနေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ လက်ရှိတာဝန်ကျ ဌာနခွဲ | ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ဌာနခွဲ |
|---|---|---|
| ၁။ | ဒေါ်နှင်းစန္ဒာဦး<br>ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ | ညွှန်ကြားရေးမှူး<br>အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ |
| ၂။ | ဦးတင်မောင်မောင်စိုး<br>ညွှန်ကြားရေးမှူး<br>အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး)<br>နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (တွဲဖက်) |
| ၃။ | ဦးစန်းချို<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) | ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ |
| ၄။ | ဦးဝင်းခိုင်ထွန်း<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ချင်းပြည်နယ်) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ပဲခူးတိုင်းဒေသကြီး) |
| ၅။ | ဦးနေမျိုးလွင်<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ပဲခူးတိုင်းဒေသကြီး) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်) |
| ၆။ | ဦးခင်ဇော်<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ကရင်ပြည်နယ်) |
| ၇။ | ဦးအောင်နိုင်ဆွေ<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ကရင်ပြည်နယ်) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>(ချင်းပြည်နယ်) |

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၈/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မြင့် [၁၂/အစန(နိုင်) ၁၀၁၁၈၅] အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၃-၁၂-၂၀၂၅ ရက်နေ့မှ ၁၂-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့်နောက်တစ်နေ့ ၁၃-၄-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သော **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥပဒေအကြံပေးရေးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးသန်းနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာ ပွင့်ဖြူသန့် | ပါမောက္ခ (ပညာဌာနမှူး)<br>ဥပဒေပညာဌာန<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ဝါဝါလွင် | ပါမောက္ခ (ပညာဌာနမှူး)<br>ဥပဒေပညာဌာန<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဃ) | ဦးလှအောင်ကြည် | ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးလင်းကျော်စွာကြူ | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်သိမ့်သိမ့်ကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စုသဲခိုင် | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ကြည်ပြာမြင့်အောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ချောစုအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဤအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**မွန်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ အမိန့်အမှတ် ၁၃/၂၀၂၅ ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ကြည်သိန်း | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီး ကျော်စွာမြင့် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး |
| (၄) | ဒေါက်တာ အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး |
| (၅) | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၆) | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး |
| (၇) | ဦးမြင့်အောင် | ပြည်နယ်ဥပဒေချုပ် |
| (၈) | ဦးဉာဏ်လင်းထွေး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

အောင်ကြည်သိန်း
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်)

အမှတ် ၁၇၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကျော်ကျော်နိုင် ကြည်း ၈၁၄၇၇

အမှတ် ၁၇၁/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | ညွန့်ဝင်း | ကြည်း | ၈၁၄၇၈ | ၂၇–၆–၂၀၂၄ |
| (၂) | ကျော်အေး | ကြည်း | ၈၁၄၇၉ | ၂၇–၆–၂၀၂၅ |
| (၃) | သန်းထွန်းဝေ | ကြည်း | ၈၁၄၈၀ | ၂၁–၇–၂၀၂၅ |

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်)

အမှတ် ၁၇၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

သိန်းတိုး ကြည်း ၈၁၄၈၁

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၀၁၆/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွင့်ရ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော Wilmar Myanmar Edible Oils Limited (ကုန်တင်သွင်းသူ) ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ စည်းကမ်းလိုက်နာမှုအတွက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ် အသိအမှတ်ပြုလိုက်သည်။

**အမိန့်အာဏာ။** (ယခင်) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/ ၃/၃ (၅၂၈၇/၂၀၂၅)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ကော့ခမယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၈၀၈/ဖားအောက်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၂/ ၅) ရှိ **မြေဧရိယာ ၁.၆၀ ဧက** အား **သောဓမ္မ ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်နှင့် အမည် (၁/ ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်အမှတ် (A-၀၀၂/ ခ-၂)၊ **မြေဧရိယာ ၀.၅၈၆ ဧက** အား **ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၄၀)၊ ဦးပိုင်အမှတ်(၁၇) ရှိ **မြေဧရိယာ ၀.၂၁၁၁ ဧက** အား **မဟာလယ်တီစံကျောင်း ပရိယတ္တိစာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ် (၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၃–၁၀–၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်–

(က) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန် (သစ်လွင်) | ၂၂၉ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဆရာဝန် (သွားနှင့်ခံတွင်း) | ၅၀ နေရာ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) |
| (၂) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်) | ၄ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဦးစီးအရာရှိ (ဆေးဝါး) | ၅ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဦးစီးအရာရှိ (ဓာတ်ခွဲ) | ၄ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန် | ၁၇ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| ဌာနစုမှူး/ဦးစီးအရာရှိ (ဆရာဝန်) | ၁ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃-၁၀-၂၀၂၅ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနအတွက် လျှောက်ထားသူများသည် ပြင်ပပုဂ္ဂိုလ် **အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။** နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် ပြင်ပပုဂ္ဂိုလ် **အသက် (၃၅) နှစ်၊** ဝန်ထမ်းဖြစ်ပါက **အသက် (၄၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။**

(ဂ) ဆရာဝန် (သစ်လွင်)/ဦးစီးအရာရှိ(အစားအသောက်/ ဆေးဝါး/ ဓာတ်ခွဲ)/ဆရာဝန်/ ဌာနစုမှူး/ဦးစီးအရာရှိ (ဆရာဝန်) ရာထူးတို့အတွက် ဆေးပညာဘွဲ့ (M.B.,B.S)၊ ဆရာဝန် (သွားနှင့်ခံတွင်း) ရာထူးအတွက် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့် လိုင်စင် (ဆမ/သခ) ကိုင်ဆောင်ထားသူ သို့မဟုတ် အလုပ်သင်ဆရာဝန် ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန် ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။

(ဃ) ကုသရေးဦးစီးဌာန၊ ဆရာဝန် (သစ်လွင်)/ ဆရာဝန်(သွားနှင့်ခံတွင်း) ရာထူးအတွက် လျှောက်ထား သူများသည်-

- စတင်တာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
- ဆေးပညာမဟာသိပ္ပံဘွဲ့ လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက် သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(င) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ (အစားအသောက်/ ဆေးဝါး/ ဓာတ်ခွဲ) ရာထူးများအတွက် လျှောက်ထားသူများသည်-

- အသားတင်လုပ်သက် (၃) နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ဦးစီးအရာရှိ (အစားအသောက်/ ဆေးဝါး/ ဓာတ်ခွဲ) ရာထူးများအတွက် လုပ်သက် (၃) နှစ်ကာလ အတွင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် သက်ဆိုင်သော ဆေးပညာမဟာ သိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက် သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့ သင်တန်းအောင်မြင်ပြီးနောက် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံး လုပ်သက် (၃) နှစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ကျန်းမာရေးဝန်ကြီးဌာနအတွက် အလုပ်သင်ဆရာဝန်/အလုပ်သင်(သွားနှင့်ခံတွင်း)ပြီးမြောက်ကြောင်း ထောက်ခံစာဖြင့် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင် (ဆမ/ သခ) ထုတ်ပေးရန် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်။

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ အထက်စာပိုဒ် (၁) ပါ ကျန်းမာရေးဝန်ကြီးဌာနအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (ဇ) အရ ရာထူးမှ ထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်း မရှိပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်း ဖော်ပြထားရှိပါသည်။ နေပြည်တော်စည်ပင် သာယာရေးကော်မတီမှအပ ကျန်းမာရေးဝန်ကြီးဌာနအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထား လာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**၄။ ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း (အထူး) သင်တန်းများသို့ လတ်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။**

၅။ လျှောက်လွှာတင်သွင်းလိုသူများသည် မိမိတို့နှင့်သက်ဆိုင်သော ကိုယ်ရေးအချက်အလက်များကို **မှန်ကန်စွာဖြည့်သွင်း၍ အချိန်မီလျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့် အချက်အလက် များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်းနှင့် မရိုးသားမှုတစ်ခုခုဖြင့် လျှောက်ထားခြင်း၊ ဖြေဆိုခြင်းတို့ကို စိစစ်တွေ့ရှိရပါက ပြန်တမ်းဝင်အရာရှိအဆင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့် ပယ်ဖျက်ခြင်း၊ ရွေးချယ်ခံရသည့်တိုင် ရွေးချယ်သူများ၏ အမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည့်အပြင် ၎င်းပုဂ္ဂိုလ်များကိုလည်း ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ မှတ်တမ်း၌ အမည်မည်းစာရင်းအဖြစ် ထားရှိသွားမည်ဖြစ်ပါသည်။**

၆။ **လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။**

၇။ ကြော်ငြာပါလစ်လပ်ရာထူးများအတွက် (၂) မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး ရွေးချယ်ခြင်းခံရပါက မည်သည့်ရာထူးမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ **ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ် ငါးထောင်တိတိ)ကို သီးခြားစီပေးသွင်း၍ ပေးသွင်းထားသည့်ချလန် (၂) စောင်ဖြင့် ပူးတွဲလျှောက်ထားရမည်** ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ ဘွဲ့လက်မှတ်၊ အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ)၊ ဘွဲ့လက်မှတ်၊ အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာ (ဘွဲ့လက်မှတ်မရရှိသေးသူများ)၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများ မပါရှိသူများ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက် ကျော်လွန်ပြီးမှ ပေးပို့လာသည့် လျှောက်လွှာများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည် မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကို ကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။

၁၀။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၂၆၂၅၀၂၉၈၈ နှင့် ၀၉-၄၀၅၁၁၁၀၄၀) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များ သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာနအတွက် ကုသရေးဦးစီးဌာန (ဖုန်း၊ ၀၆၇-၃၄၁၁၃၉၀၊ ၀၆၇-၃၄၁၁၆၂၁) သို့လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၃၄၀၃၈၄၇၊ ၀၆၇-၃၄၀၃၅၈၆) သို့လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ (ဖုန်း၊ ၀၆၇-၃၄၁၄၂၈၉)၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ (ဖုန်း၊ ၀၆၇-၅၅၀၁၅၁) သို့လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အောင်တင်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## Marlarmyaing Public Company Limited
## (မာလာမြိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

ကုမ္ပဏီအမျိုးအစားပြောင်းလဲကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၅၈ (ခ) ကို လိုက်နာ၍ အမှတ် - ၅၃၁ ဘီ၊ မာလာမြိုင်ရိပ်သာလမ်း၊ ပြည်လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ **Marlarmyaing Public Company Limited (မာလာမြိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)** သည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ်မှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီအဖြစ်သို့ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) မှတစ်ဆင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ကြောင်းနှင့် မှတ်ပုံတင်အရာရှိသည် တင်ပြသည့် လျှောက်ထားမှုကို လက်ခံကျေနပ်ပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

LAI LAI OO
MANAGING DIRECTOR
MARLARMYAING PUBLIC COMPANY LIMITED

## NEO IMAGE SERVICE CORPORATION LIMITED

(In Members Voluntary Winding–up)

Under the Insolvency Law

At the Special General Meeting of the Members of the Company held at No. (271), 80th Street, Between 32 x 33 Street, Kinzana Mahi Ward, Chan Aye Tharzan Township, Mandalay Region, on 25th September 2025 the following ''Special Resolutions" were passed:

**Special Resolutions:–**

1. That the Company be voluntarily wound–up by the members with effect from 25th September 2025.

2. That Daw Khin Saw Yu, [B.Com (Q), CPA, ACPA] "Certified Public Accountant", be and is hereby appointed official Liquidator for the purpose of such winding–up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding–up thereof and is granted such other powers as may be deemed fit or proper and to final winding–up the Company in voluntarily.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession to the Official Liquidator before 24th October 2025.

U Sai Win
Managing Director
Neo Image Service Corporation Limited

Daw Khin Saw Yu
Official Liquidator
On behalf of Neo Image Service Corporation Limited

## One Stone Company Limited

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **One Stone Company Limited** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅–၈–၂၀၂၅) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၇၈)၊ မြေညီထပ်၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁–၁၀–၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ခွန်အောင်ခမ်း
မန်နေးဂျင်းဒါရိုက်တာ
One Stone Company Limited
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း– ၀၉–၅၁၂၅၉၈၅